ミャンマー語
မြန်မာဘာသာ



札幌に住む外国人親子のための
小学校入学ガイドブック

# ဆာပိုရိုမြို့တွင် နေထိုင်သော နိုင်ငံခြားသားမိဘနှင့်ကလေးများအတွက် မူလတန်းကျောင်းတက်ခြင်းလမ်းညွှန်


作成／編集: （公財）札幌国際プラザ
協力: 札幌市教育委員会
ပြုစု/တည်းဖြတ်- (ပြည်သူ့အကျိုးပြု ဖောင်ဒေးရှင်း) ဆာပိုရို အပြည်ပြည်ဆိုင်ရာ ပလာဇာ
ပူးပေါင်းဆောင်ရွက်- ဆာပိုရိုမြို့ ပညာရေးဘုတ်အဖွဲ့

公益財団法人 札幌国際プラザ
Sapporo International Communication Plaza Foundation

# မာတိကာ

1. ဂျပန်နိုင်ငံ၏ စာသင်ကျောင်းစနစ်............2
2. မူလတန်းကျောင်း၏ တစ်နေ့တာ............4
3. ဘာသာရပ်များအကြောင်း............6
4. ကျောင်းနေ့လယ်စာအကြောင်း............7
5. တစ်နှစ်တာလုပ်ဆောင်မှုများ............8
6. ကျောင်းတက်သည်အထိလုပ်ဆောင်ချက်အစဉ်............11
7. ကျောင်းမတက်ခင်အထိ လုပ်ထားသင့်သည့်အချက်များ............12
8. ကျောင်းမတက်ခင်/ ပြင်ဆင်ရမည့်အချက်များ............13
9. ကျောင်းသို့သွင်းရမည့်စရိတ်............14
10. ကျောင်းတက်ရောက်မှုထောက်ပံ့ရေးစနစ်............15
11. ကျန်းမာရေးကတ်............16
12. ကလေးသူငယ်စင်တာအကြောင်း............17
13. ဂျပန်ဘာသာပံ့ပိုးရေး၊ သင်ယူမှုပံ့ပိုးရေး............18
14. အခက်အခဲတွေ့ချိန် ဆွေးနွေးတိုင်ပင်ရမည့်နေရာ............19

# 1. ဂျပန်နိုင်ငံ၏ စာသင်ကြောင်းစနစ်

| အမျိုးအစား | နှစ် | အသက် | မတက်မနေရ | ဝင်ခွင့်စာမေးပွဲ |
|---|---|---|---|---|
| မူကြို၊ ကလေးထိန်းကျောင်း | 1~6 နှစ် | 6 နှစ်မတိုင်မီ | | |
| မူလတန်းကျောင်း | 6 နှစ် | 7 နှစ်မှ 12 နှစ် | ○ | |
| အလယ်တန်းကျောင်း | 3 နှစ် | 13 နှစ်မှ 15 နှစ် | ○ | |
| အထက်တန်းကျောင်း | 3 နှစ် | 16 နှစ်မှ 18 နှစ် | | ○ |
| တက္ကသိုလ်၊ ရေတိုတက္ကသိုလ်၊ ကောလိပ်၊ ဘွဲ့လွန် | 2~6 နှစ် | 19 နှစ်မှ | | ○ |

ဂျပန်နိုင်ငံတွင် 4 လပိုင်း၌ ကျောင်းစတက်ရပြီး၊ 3 လပိုင်းအထိ တစ်နှစ်တာဖြတ်သန်းရသည်။ နောက်နှစ် 4 လပိုင်းတွင် နောက်တစ်တန်းဆက်တက် (အတန်းမြင့်သွားခြင်း) ရပါသည်။

ဂျပန်နိုင်ငံတွင် မူကြို၊ နေ့ကလေးထိန်းကျောင်းစသည်တို့၌ ကျောင်းမတက်မီတွင် ကလေးအရွယ်ပညာရေးအား သင်ကြားကြသည်။

အသက် 7 နှစ်ပြည့်သော 4 လပိုင်းမှစတင်၍ မူလတန်းကျောင်းသို့တက်ကြရသည်။ မူလတန်းကျောင်းတွင် 6 နှစ်တာဖြတ်သန်း၍၊ အသက် 12 နှစ်ပြည့်သော 3 လပိုင်းတွင် ကျောင်းပြီးသည်။ မူလတန်းကျောင်းပြီးလျှင် အလယ်တန်းကျောင်းသို့ တက်ကြရသည်။ အလယ်တန်းကျောင်းတွင် 3 နှစ်တာဖြတ်သန်းရသည်။

ထို့နောက် မိမိလမ်းကြောင်း (အနာဂတ်တွင်ဖြစ်ချင်သောအရာ) ပေါ်မူတည်၍ အထက်တန်းကျောင်း၊ တက္ကသိုလ်နှင့် ရေတိုတက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ ဆက်လက်တက်ရောက် သူများ၊ အလုပ်လုပ်သောသူများလည်းရှိသည်။

တက္ကသိုလ်တွင်သင်ယူရသော အကြောင်းအရာပေါ်မူတည်၍ ဘွဲ့လွန်ဆက်တက်သည်လည်းရှိသည်။

မူလတန်းကျောင်း 6 နှစ်တာနှင့် အလယ်တန်းကျောင်း 3 နှစ်မှာ မဖြစ်မနေတက်ရောက်ရသောပညာရေး

ဖြစ်သည်။

နိုင်ငံခြားသားမိခင်မှကလေးအား မဖြစ်မနေဂျပန်ကျောင်းတွင်ထားရမည်မဟုတ်သော်လည်း ဂျပန်ကျောင်းတွင် ပညာသင်ယူလိုလျှင် ကျောင်းတက်၍ အခြားဂျပန်ကလေးများနှင့်အတူ ပညာသင်ယူနိုင်ပါသည်။

မူလတန်းကျောင်း သို့မဟုတ် အလယ်တန်းကျောင်းသို့ တစ်ဝက်တစ်ပျက်မှ ကျောင်းသို့ဝင်လာသည့်အချိန်တွင် အသက်အရွယ်နှင့်သင့်တော်သော အတန်းတွင်ဝင်ရောက်နိုင်ပါသည်။ ထို့နောက် 3 လပိုင်းတွင် အတန်းတက်ခွင့်ရလျှင် နောက်အတန်းသို့ ဆက်တက်နိုင်ပါသည်။

မဖြစ်မနေတက်ရောက်ရမည့်ပညာရေးပြီးဆုံးသည့်နောက် အထက်တန်းကျောင်းများသို့ ဆက်လက်တက်ရောက်လိုလျှင်၊ အများစုမှာ ရေးဖြေနှုတ်ဖြေနှင့် လက်တွေ့ကျွမ်းကျင်မှုစသည့် ဝင်ခွင့်စာမေးပွဲများတွင် မအောင်လျှင် ကျောင်းဆက်တက်၍ မရနိုင်ပါ။

အနာဂတ်တွင် လုပ်ချင်သည်များကိုရွေးချယ်နိုင်ရန်အတွက် မဖြစ်မနေတက်ရောက်ရမည့်ပညာရေးကာလအတွင်း ကျောင်းတွင်စာလေ့လာရန်မှာ အလွန်အရေးကြီးပါသည်။

## 2. မူလတန်းကျောင်း၏ တစ်နေ့တာ

| အချိန် | လုပ်ရမည့်အရာ | အသေးစိတ်အကြောင်းအရာ |
|---|---|---|
| ８：００～８：２５ | ① ကျောင်းတက် | အိမ်မှထွက်၍ ကျောင်းသို့သွားခြင်း |
| ８：２５～ | နံနက်ခင်းစုဝေးပွဲ | နှုတ်ဆက်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း |
| ８：４５～ | ② ပထမအချိန် | သင်ယူမှုလှုပ်ရှားမှုများ (45 မိနစ်) |
| ９：３５～ | ② ဒုတိယအချိန် | သင်ယူမှုလှုပ်ရှားမှုများ (45 မိနစ်) |
| １０：２０～ | အနားယူချိန် | အနားယူခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု (25 မိနစ်) |
| １０：４５～ | ② တတိယအချိန် | သင်ယူမှုလှုပ်ရှားမှုများ (45 မိနစ်) |
| １１：３５～ | ② စတုတ္ထအချိန် | သင်ယူမှုလှုပ်ရှားမှုများ (45 မိနစ်) |
| １２：２０～ | ③ ကျောင်းနေ့လယ်စာ | အစာစားခြင်း၊ ပြင်ဆင်ခြင်းနှင့် သိမ်းဆည်းခြင်း |
| １３：０５～ | ④ သန့်ရှင်းရေး | စာသင်ခန်းအတွင်း သန့်ရှင်းရေးလုပ်ခြင်း |
| １３：２０～ | နေ့လယ်အနားယူချိန် | အနားယူခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု (15 မိနစ်) |
| １３：４０～ | ② ပဥ္စမအချိန် | သင်ယူမှုလှုပ်ရှားမှုများ (45 မိနစ်) |
| １４：２５～ | ② ဆဌမအချိန် | သင်ယူမှုလှုပ်ရှားမှုများ (45 မိနစ်) |
| １５：１０～ | ကျောင်းဆင်းစုဝေးပွဲ | နှုတ်ဆက်ခြင်းနှင့် ဆက်သွယ်ခြင်း |
| １５：２０～ | ① ကျောင်းဆင်း | ကျောင်းမှထွက်၍ အိမ်သို့ပြန်ခြင်း |

တစ်နေ့တာ၏ အကြမ်းဖျင်းလုပ်ငန်းစဉ် ဖြစ်ပါသည်။ ကျောင်းအလိုက် အသေးစိတ်အချိန်များ ကွာခြားနိုင်သော်လည်း များသောအားဖြင့် နံနက် 8 နာရီ 20 မိနစ်ဝန်းကျင် မတိုင်ခင်တွင် ကျောင်းသို့ ရောက်ရှိရမည်ဖြစ်ပြီး ညနေ 3 နာရီ 30 မိနစ်ဝန်းကျင်တွင် ကျောင်းဆင်းပါသည်။ ပထမနှစ်များအနေဖြင့် များသောအားဖြင့် နေ့လယ် 2 နာရီ 30 မိနစ်ဝန်းကျင်တွင် ကျောင်းဆင်းလေ့ရှိပါသည်။

များသောအားဖြင့် 12 နာရီ 30 မိနစ်ဝန်းကျင်တွင် နေ့လယ်စာကို သုံးဆောင်ပါသည်။ မဖြစ်မနေသင်ယူရမည့် ပညာရေးကာလအတွင်း နေ့လယ်စာမှာ ကျောင်းနေ့လယ်စာဖြစ်ပါသည်။ (ကျောင်းနေ့ လယ်စာ - အသေးစိတ်အချက်အလက်များကို စာမျက်နှာ 7 ရှိ "ကျောင်းနေ့လယ်စာအကြောင်း" တွင် ကြည့်ရှုပါ)

ထို့အပြင် ဒုတိယအချိန်နှင့် တတိယအချိန်ကြားတွင် အနားယူချိန်ရှိပြီး နေ့လယ်စာသုံးဆောင်ပြီးနောက် သန့်ရှင်းရေးလုပ်ပြီးသည့်နောက်တွင် နေ့လယ်အနားယူချိန်ရှိသဖြင့် အားကစားခန်းမ သို့မဟုတ် ကွင်းပြင်၌ သူငယ်ချင်းများနှင့် ဆော့ကစားခြင်း၊ ကျောင်းစာကြည့်တိုက်တွင် နှစ်သက်ရာ စာအုပ်များကို ဖတ်ရှုခြင်းတို့ ပြုလုပ်နိုင်ပါသည်။

**① [ကျောင်းတက်ခြင်းနှင့် ကျောင်းဆင်းခြင်း]**

အိမ်နှင့် ကျောင်းအကြား လမ်းလျှောက်သွားရပါမည်။ ဘေးကင်းစွာ ကျောင်းတက်ကျောင်းဆင်းနိုင်စေရန်အတွက် ကျောင်းတက်လမ်းအတိုင်း သွားလာရပါမည်။ ကျောင်းတက်လမ်းများအား ကလေးများ၏ ဘေးကင်းရေးကို ကာကွယ်ရန်အတွက် ကျောင်းမှ ကြိုတင်သတ်မှတ်ထားမည်ဖြစ်သောကြောင့် အိမ်မှ ကျောင်းအထိ မည်သည့်လမ်းများမှ ဖြတ်သန်းသွားလာရမည်ကို မိမိတို့၏ကလေးနှင့်အတူ အတည်ပြုထားသင့်ပါသည်။

**② [သင်ယူရေးအချိန်]**

မူလတန်းကျောင်းတွင် သတ်မှတ်ထားသော အချိန်ဇယားအတိုင်း တစ်ချိန်လျှင် 45 မိနစ်ကြာ သင်ယူရပါမည်။ များသောအားဖြင့် နံနက်ပိုင်းတွင် ဘာသာရပ် 4 ခုနှင့် မွန်းလွဲပိုင်းတွင် ဘာသာရပ် 1 ခုမှ 2 ခုအထိဖြစ်ပါသည်။ ဘာသာရပ်တစ်ခုတည်းကိုပင် အချိန်ဆက်၍ သင်ယူရခြင်းမျိုးလည်း ရှိတတ်ပါသည်။

**③ [ကျောင်းနေ့လယ်စာ]**

စာသင်ခန်းအတွင်း ဆရာ၊ ဆရာမများ၊ သူငယ်ချင်းများနှင့်အတူ စားသုံးရပါမည်။ ပြင်ဆင်ခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်းတို့ကိုလည်း ကလေးများကိုယ်တိုင် ဆောင်ရွက်ရပါမည်။

**④ [သန့်ရှင်းရေး]**

ကျောင်းအများစုတွင် နေ့လယ်စာစားပြီးနောက် ဆရာ၊ ဆရာမများနှင့် သူငယ်ချင်းများအားလုံးဖြင့် သန့်ရှင်းရေးလုပ်ကြပါသည်။ မိမိတို့ နေ့စဉ်အသုံးပြုနေသော စာသင်ခန်းများ၊ လူသွားစင်္ကြံများနှင့် ရေသောက်သည့်နေရာ စသည်တို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ရပါမည်။

# 3. ဘာသာရပ်များအကြောင်း

မူလတန်းကျောင်းတွင် အောက်ဖော်ပြပါ ဘာသာရပ်များကို သင်ယူရပါမည်။

**[ပထမနှစ်မှစတင်၍ သင်ယူရမည့် ဘာသာရပ်များ]**

ဂျပန်စာနှင့် သင်္ချာဘာသာရပ်များကို နေ့စဉ်နီးပါး သင်ယူရပါသည်။ ပထမနှစ်တွင် ဟိရဂနနှင့် ခန်းဂျိကဲ့သို့သော ဂျပန်စာလုံးများ ရေးသားနည်းကိုလည်း သင်ယူရပါမည်။ သင်္ချာဘာသာရပ်တွင် အပေါင်း၊ အနှုတ် စသည့် ဂဏန်းတွက်ချက်မှုများနှင့် "စက်ဝိုင်း၊ တြိဂံ၊ စတုရန်း" စသည့် ပုံသဏ္ဍာန်များအကြောင်းကို သင်ယူရပါသည်။

ထို့အပြင် တေးဂီတ၊ ပန်းချီနှင့် လက်မှုပညာ၊ ကာယပညာ၊ ကိုယ်ကျင့်တရားနှင့် အထူးလှုပ်ရှားမှု စသည့်ဘာသာရပ်များကို သင်ယူရမည်ဖြစ်ပါသည်။ ပထမနှစ်နှင့် ဒုတိယနှစ်များအတွက် အပင်များပျိုးထောင်ခြင်းနှင့် ကစားစရာများကို ကိုယ်တိုင်ပြုလုပ်ခြင်းတို့ လုပ်ဆောင်ရသည့် "နေထိုင်မှုဘဝ" ဟူသော ဘာသာရပ်လည်း ရှိပါသည်။

**[တတိယနှစ်မှစတင်၍]**

လူမှုရေး၊ သိပ္ပံ၊ ဘက်စုံသင်ယူရေးအချိန်နှင့် နိုင်ငံခြားဘာသာစကား လှုပ်ရှားမှုများ

**[ပဉ္စမနှစ်မှစတင်၍]**

အိမ်တွင်းမှုပညာနှင့် နိုင်ငံခြားဘာသာစကား (အဓိကအားဖြင့် အင်္ဂလိပ်စာ)

တတိယနှစ်သို့ ရောက်ရှိပါက သိပ္ပံ၊ လူမှုရေး၊ ဘက်စုံသင်ယူရေးအချိန်နှင့် နိုင်ငံခြားဘာသာစကား လှုပ်ရှားမှုများကို သင်ယူရမည်ဖြစ်ပြီး၊ ပဉ္စမနှစ်သို့ ရောက်ရှိပါက အိမ်တွင်းမှုပညာနှင့် နိုင်ငံခြားဘာသာစကားတို့ကို သင်ယူရမည် စသည်ဖြင့် အတန်းမြင့်တက်လာသည်နှင့်အမျှ သင်ယူရမည့် ဘာသာရပ်များ ပိုများလာမည်ဖြစ်ပါသည်။

# 4. ကျောင်းနေ့လယ်စာအကြောင်း

ကျောင်းတွင် နေ့လယ်စာအဖြစ် ကျောင်းနေ့လယ်စာကို စားသုံးရပါသည်။ ကျောင်းနေ့လယ်စာများကို ကျောင်းချက်ပြုတ်ရေးဝန်ထမ်းများက ကျောင်းတွင်း၌ ချက်ပြုတ်ကြပါသည်။ စာသင်ခန်း သို့မဟုတ် စားသောက်ဆောင်တွင် ဆရာ၊ ဆရာမများ၊ သူငယ်ချင်းများနှင့် အတူတကွ စားသုံးကြပါသည်။ မီနူးများကို အာဟာရဗေဒပညာရှင်များက ကလေးများအတွက် လိုအပ်သော အာဟာရနှင့် ကယ်လိုရီတို့ကို ထည့်သွင်းစဉ်းစားကာ ရေးဆွဲပေးပါသည်။ ကျောင်းနေ့လယ်စာစရိတ်မှာ တစ်လလျှင် ခန့်မှန်းခြေ ယန်း 4600 ဝန်းကျင် ရှိပါသည်။

※အစားအသောက်ဓာတ်မတည့်မှု သို့မဟုတ် ဟလာလ်စသည်ဖြင့် စားသုံးနိုင်သော အရာများအပေါ် ကန့်သတ်ချက်များရှိပါက မိမိအိမ်မှ အစားအစာများကို ယူဆောင်လာနိုင်ပါသည်။ ကျောင်းနှင့် ဆွေးနွေးတိုင်ပင်ပေးပါရန်။

ကျောင်းနေ့လယ်စာအတွက် ပြင်ဆင်ခြင်းကို ဆရာ၊ ဆရာမများနှင့် ကလေးများက ဆောင်ရွက်ကြရပါသည်။ စားသုံးခြင်းမပြုမီ ကျောင်းနေ့လယ်စာကို ခွက်ထဲသို့ ပြင်ဆင်ထည့်ခြင်း၊ ပေါင်မုန့်နှင့် နွားနို့များ ဝေပေးခြင်း စသည်ဖြင့် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်၍ ပြင်ဆင်ကြပါသည်။ ကျောင်းနေ့လယ်စာ ပြင်ဆင်ချိန်တွင် ရှေ့ဖုံးခါးစည်းနှင့် ဦးထုပ် (တြိဂံပုံခေါင်းပေါင်း)၊ နှာခေါင်းစည်းတို့ကို တပ်ဆင်ရပါသည်။ ထို့အပြင် စားပွဲပေါ်တွင်လည်း စားပွဲခင်း ခင်းရပါသည်။ ရှေ့ဖုံးခါးစည်းနှင့် ဦးထုပ် (တြိဂံပုံခေါင်းပေါင်း)၊ နှာခေါင်းစည်း၊ စားပွဲခင်းတို့ကို အိမ်မှ ကြိုတင်ပြင်ဆင်ပေးရပါမည်။

ကျောင်းအများစုတွင် တနင်္လာနေ့မှ သောကြာနေ့အထိ အသုံးပြုပြီးပါက ရှေ့ဖုံးခါးစည်းနှင့် ဦးထုပ်စသည်တို့ကို နေအိမ်သို့ ယူဆောင်သွားကာ လျှော်ဖွပ်ပြီး နောက်တစ်ပတ် တနင်္လာနေ့တွင် ကျောင်းသို့ ပြန်လည်ယူဆောင်လာရပါမည်။ အကယ်၍ ညစ်ပေသွားပါကလည်း တစ်ပတ်အတွင်းမှာပင် နေအိမ်သို့ ယူဆောင်ကာ လျှော်ဖွပ်နိုင်ပါသည်။



# 5. တစ်နှစ်တာလုပ်ဆောင်မှုများ

**4 လပိုင်း [ကျောင်းဝင်ခွင့်ပွဲ]**



ကျောင်းအုပ်ကြီးထံမှ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းနှင့် အတန်းပိုင်ဆရာ/ ဆရာမများအား မိတ်ဆက်ကြေညာပေးခြင်းတို့ ရှိပါသည်။ ထို့အပြင် အကြီးတန်းများက ကျောင်းတော်သီချင်းကို သီဆိုပေးခြင်းနှင့် ဂုဏ်ပြုစကားများ လက်ဆောင်ပေးခြင်းတို့ ပြုလုပ်ကြပါသည်။ ပထမနှစ်များ၏ အုပ်ထိန်းသူများသည် ကျောင်းဝင်ခွင့်ပွဲသို့ ပါဝင်တက်ရောက်နိုင်ပါသည်။

ပွဲပြီးဆုံးပြီးနောက်တွင် နောက်နေ့မှစ၍ သင်ယူရမည့် စာသင်ခန်းထဲသို့ ဝင်ရောက်ကာ မိမိတို့၏ ထိုင်ခုံများတွင် ထိုင်ပြီး အတန်းပိုင်ဆရာ/ ဆရာမ၏ ပြောကြားချက်များကို နားထောင်ခြင်းနှင့် နှုတ်ဆက်ခြင်းတို့ ပြုလုပ်ကြရမည် ဖြစ်ပါသည်။

**[ကိုယ်ခန္ဓာတိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း]**



ကျောင်းတွင် အရပ်အမြင့်၊ ကိုယ်အလေးချိန်နှင့် အမြင်အား (အမြင်စွမ်းရည်) တို့ကို တိုင်းတာခြင်းများ ပြုလုပ်ပြီး ဆရာဝန်များက ကိုယ်ခန္ဓာနှင့် သွားတို့၏ ကျန်းမာရေးကို စစ်ဆေးပေးမည်ဖြစ်ပါသည်။ စစ်ဆေးမှုရလဒ်များကို အုပ်ထိန်းသူများထံ အကြောင်းကြားပေးပါသည်။

**[နေအိမ်သို့ လာရောက်လည်ပတ်ခြင်းနှင့် ပညာရေးဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း]**

ကျောင်းအလိုက် ကွာခြားနိုင်သော်လည်း အတန်းပိုင်ဆရာ/ ဆရာမမှ နေအိမ်သို့ လာရောက်လည်ပတ်ခြင်း၊ ကျောင်းတွင် စကားပြောဆိုခြင်းတို့ဖြင့် ပညာရေးဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်းကို ဆောင်ရွက်ပြီး ကလေး၏ အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကာ နောင်ကျောင်းနေထိုင်မှုဘဝတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်၍ ကြိုးစားအားထုတ်နိုင်ရန် လုပ်ဆောင်ပါသည်။ ကြာချိန်မှာ 15 မိနစ်ခန့်ဖြစ်ပါသည်။

**5 လပိုင်းဝန်းကျင် [အားကစားပွဲတော်]**

ဂျပန်နိုင်ငံတွင် 5 လပိုင်းအစတွင် Golden Week (ရွှေရောင် ရက်သတ္တပတ်) ဟုခေါ်သော အားလပ်ရက်များ ဆက်တိုက်ရှိသည့် ကာလတစ်ခုရှိပါသည်။ Golden Week ပြီးနောက် ကျောင်းအများစုတွင် အားကစားပွဲတော်အတွက် လေ့ကျင့်မှုများ စတင်ကြသည်။ 50m သို့မဟုတ် 100m

စသည်ဖြင့် အတန်းအလိုက် ကွာခြားသည့်အကွာအဝေးများတွင် ပြိုင်ဆိုင်ရသော တာတိုအပြေးပြိုင်ပွဲ၊ ဘောလုံးပစ်ထည့်ခြင်းနှင့် လွန်ဆွဲခြင်း စသည့် သူငယ်ချင်းများနှင့်ပူးပေါင်းဆောင်ရွက်ပြီး ကြိုးစားယှဉ်ပြိုင်ရသော ပြိုင်ပွဲများကို စိန်ခေါ်ကြရသည်။ အုပ်စုလိုက်ကခြင်း ကဲ့သို့ စာသင်ခန်း သို့မဟုတ် အတန်းတစ်ခုလုံးဖြင့် ကြိုးစားဖော်ပြရသော အစီအစဉ်များလည်း ရှိပါသည်။

အားကစားပွဲတော်ကို စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့ကဲ့သို့သော အားလပ်ရက်များတွင် ကျင်းပလေ့ရှိပြီး အုပ်ထိန်းသူများလည်း လာရောက်ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် အုပ်ထိန်းသူများနှင့်အတူ စားသုံးရန်အတွက် နေ့လယ်စာဘူး လိုအပ်သည့်အခြေအနေများလည်း ရှိပါသည်။

**[ကျောင်းပြင်ပလေ့လာရေး]**

ကျောင်းပြင်ပရှိ နေရာများသို့ သွားရောက်၍ အဆောက်အအုံများကို လေ့လာကြည့်ရှုခြင်း၊ အလုပ်လုပ်နေသောလူများ၏ ပြောကြားချက်များကို နားထောင်ခြင်းတို့ ပြုလုပ်ကြပါသည်။ နေ့လယ်စာဘူး လိုအပ်သည့်အခြေအနေများလည်း ရှိပါသည်။

**[ဘေးရှောင်ခြင်းလေ့ကျင့်မှုနှင့် အုပ်ထိန်းသူထံ အပ်နှံခြင်းလေ့ကျင့်မှု]**

ဂျပန်နိုင်ငံတွင် ပြင်းထန်သောငလျင်များ လှုပ်ခတ်တတ်ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဘေးရှောင်ခြင်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ ကလေးများကို အုပ်ထိန်းသူများထံသို့ ဘေးကင်းစွာ အပ်နှံနိုင်စေရန် အုပ်ထိန်းသူထံ အပ်နှံခြင်းလေ့ကျင့်မှု စသည်တို့ကို ဆောင်ရွက်ပါသည်။

**[တစ်ဦးချင်း ရင်းရင်းနှီးနှီး တိုင်ပင်ခြင်းနှင့် ပညာရေးဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း]**

အုပ်ထိန်းသူများ ကျောင်းသို့ လာရောက်၍ အတန်းပိုင်ဆရာ/ ဆရာမနှင့်အတူ ကလေး၏ အခြေအနေများကို ဆွေးနွေးကြပါသည်။ ဆာပိုရို အပြည်ပြည်ဆိုင်ရာ ပလာဇာ/ ဆာပိုရို နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးဌာနထံ စကားပြန်ပေးရန် အကူအညီတောင်းခံနိုင်ပါသည်။

**[အတန်းအား လာရောက်ကြည့်ရှုခြင်းနှင့် မိဘဆရာဆွေးနွေးပွဲ]**

ကလေးများ စာသင်ယူနေသည့် ပုံစံများကို ကြည့်ရှုနိုင်သော "အတန်းအား လာရောက်ကြည့်ရှုခြင်း" ရှိပါသည်။ အတန်းအား လာရောက်ကြည့်ရှုခြင်း ပြီးဆုံးပြီးနောက်တွင် အုပ်ထိန်းသူများနှင့် အတန်းပိုင်ဆရာ/ ဆရာမများ အပြန်အလှန် ဆွေးနွေးကြသည့် "မိဘဆရာဆွေးနွေးပွဲ" ရှိပါသည်။

**10～11 လပိုင်း [သင်ယူမှုစွမ်းရည်ပြပွဲ]**

ကလေးငယ်များသည် သင်ယူမှုရလဒ်များအနေဖြင့် ပြဇာတ်၊ သံပြိုင်တေးဆိုခြင်း၊ တူရိယာတီးခတ်ဖျော်ဖြေခြင်း စသည့် ဂီတတင်ဆက်မှုများကို ကြိုးစားဆောင်ရွက်ပြီး တင်ဆက်ကြရမည်ဖြစ်ပါသည်။ သင်ယူမှုစွမ်းရည်ပြပွဲကို စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့ကဲ့သို့သော အားလပ်ရက်များတွင် ကျင်းပလေ့ရှိပြီး အုပ်ထိန်းသူများလည်း လာရောက်ကြည့်ရှုနိုင်ပါသည်။

**12～1 လပိုင်း [ဆောင်းရာသီကျောင်းပိတ်ရက်]**

ဆာပိုရိုမြို့ရှိ မူလတန်းကျောင်းများတွင် 12 လပိုင်း 25 ရက်နေ့ဝန်းကျင်မှ 1 လပိုင်း 18 ရက်နေ့ဝန်းကျင်အထိ ဆောင်းရာသီကျောင်းပိတ်ရက် ရှိပါသည်။

**1～2 လပိုင်း [နှင်းလျှောစီးသင်ယူခြင်း]**

ဆောင်းရာသီကျောင်းပိတ်ရက် ပြီးဆုံးပြီးနောက် တတိယစာသင်နှစ်ကာလတွင် ကျောင်းကွင်းပြင် သို့မဟုတ် နှင်းလျှောစီးကွင်းများသို့ သွားရောက်၍ နှင်းလျှောစီးခြင်းကို သင်ယူရမည်ဖြစ်သည်။ နှင်းလျှောစီးပျဉ်ချပ်များ၊ နှင်းလျှောစီးဖိနပ်များ၊ တုတ်တံများစသည့် ကိရိယာများနှင့် အအေးဒဏ်ကာကွယ်ရန်အတွက် လက်အိတ်များ၊ ဦးထုပ်များ၊ ဝတ်စုံများကို ပြင်ဆင်ရန် လိုအပ်ပါသည်။

**3 လပိုင်း [ဘွဲ့နှင်းသဘင်]**

3 လပိုင်းတွင် ဆဋ္ဌမနှစ်များသည် မူလတန်းကျောင်းမှ ဘွဲ့ရကြမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်တွင် ဆဋ္ဌမနှစ်ကလေးများသည် ကျောင်းအုပ်ကြီးထံမှ ဘွဲ့လက်မှတ်ကို လက်ခံရယူကြရမည်။ ပထမနှစ်မှ ပဉ္စမနှစ်များ ဘွဲ့နှင်းသဘင်သို့ ပါဝင်တက်ရောက်ရခြင်းမျိုးလည်း ရှိတတ်ပါသည်။

# 6. ကျောင်းတက်သည်အထိလုပ်ဆောင်ချက်အစဉ်

| လုပ်ရမည့်အရာ | အချိန်ကာလ | အသေးစိတ်အကြောင်းအရာ |
|---|---|---|
| **ကျောင်းဝင်ခွင့် ကျန်းမာရေးစစ်ဆေးခြင်း** | 11 လပိုင်းဝန်းကျင် | တက်ရောက်ရန်စီစဉ်ထားသည့် ကျောင်းတွင် ကလေးသည် ကျန်းမာရေးစစ်ဆေးမှု ခံယူရမည်။ |
| **တစ်ရက်တာ ကျောင်းတက်ခြင်းနှင့် ကျောင်းဆိုင်ရာ ရှင်းလင်းပွဲ** | 2 လပိုင်းဝန်းကျင် | တက်ရောက်ရန်စီစဉ်ထားသည့် ကျောင်းတွင် ကလေးသည် ကျောင်းနေထိုင်မှုဘဝကို လက်တွေ့အတွေ့အကြုံ ယူပြီး အုပ်ထိန်းသူများသည် ကျောင်းမှ ကျောင်းနေထိုင်မှုဘဝဆိုင်ရာ ရှင်းလင်းချက်များကို နားထောင်ရမည်။ |
| **ကျောင်းဝင်ခွင့် လက်ခံခြင်း** | 4 လပိုင်း 1 ရက်နေ့ ဝန်းကျင် | ကျောင်းဝင်ခွင့်အကြောင်းကြားစာကို ကျောင်းသို့တင်ပြ၍ ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်။ |
| **ကျောင်းဝင်ခွင့်ပွဲ** | 4 လပိုင်း 6 ရက်နေ့ ဝန်းကျင် | ကျောင်းဝင်ခွင့်ပွဲသို့ ပါဝင်တက်ရောက်ရမည်။ |

ကျောင်းဝင်ခွင့်ပွဲမတိုင်မီ အဓိကအချက်ကြီး 3 ချက်ကို ဆောင်ရွက်ရပါမည်။

ပထမတစ်ခုမှာ 11 လပိုင်းဝန်းကျင်တွင် ကျင်းပသည့် "ကျောင်းဝင်ခွင့် ကျန်းမာရေးစစ်ဆေးခြင်း" ဖြစ်ပါသည်။ ဤသည်မှာ နောက်နှစ်တွင် တက်ရောက်မည့်ကျောင်း၌ ကျန်းမာရေးစစ်ဆေးမှု ခံယူရမည် ဖြစ်ပါသည်။

ဒုတိယတစ်ခုမှာ 2 လပိုင်းဝန်းကျင်တွင် ကျင်းပသည့် "တစ်ရက်တာ ကျောင်းတက်ခြင်းနှင့် ကျောင်းဆိုင်ရာ ရှင်းလင်းပွဲ" ဖြစ်ပါသည်။ ကလေးများအနေဖြင့် ကျောင်းတွင် အတန်းများကို လက်တွေ့အတွေ့အကြုံ ယူပြီး၊ အုပ်ထိန်းသူများအနေဖြင့် 4 လပိုင်းနောက်ပိုင်း ကျောင်းနေထိုင်မှုဘဝနှင့်ပတ်သက်၍ ရှင်းလင်းချက်များကို နားထောင်ရမည် ဖြစ်ပါသည်။ ဤရှင်းလင်းချက်များကို နားထောင်ကာ ကျောင်းမတက်မီ လိုအပ်သောပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

တတိယတစ်ခုမှာ 4 လပိုင်း 1 ရက်နေ့တွင် ကျောင်းတက်မည့်ကျောင်းသို့ ကိုယ်တိုင်သွားရောက်၍ ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤအချိန်တွင် ပညာရေးဘုတ်အဖွဲ့မှ စာတိုက်မှတစ်ဆင့် ပေးပို့ထားသော "ကျောင်းဝင်ခွင့်အကြောင်းကြားစာ" ကို ယူဆောင်သွားရမည် ဖြစ်ပါသည်။

# 7. ကျောင်းမတက်ခင်အထိ လုပ်ထားသင့်သည့်အချက်များ

| |
|---|
| ①**မိမိ**၏**အမည်**ကို **ပြော**နိုင်ခြင်း။ |
| ②နှုတ်ဆက်ခြင်းနှင့် ပြန်လည်ဖြေကြားခြင်းကို ပြောနိုင်ခြင်း။ |
| ③ခံစားရသည်များကို ပြောပြနိုင်ခြင်း။ |
| ④တစ်ဦးတည်း သန့်စင်ခန်းအသုံးပြုနိုင်ခြင်း (ဂျပန်စတိုင်သန့်စင်ခန်းများ သုံးသည့် ကျောင်းများလည်း ရှိတတ်ပါသည်။)  |
| ⑤တစ်ဦးတည်း အဝတ်အစားလဲနိုင်ခြင်း။ |
| ⑥နေအိမ်မှ ကျောင်းအထိ ကျောင်းတက်လမ်းအတိုင်း လမ်းလျှောက်သွားနိုင်ခြင်း။ |

မူလတန်းကျောင်းသို့ ကျောင်းမတက်မီတွင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖော်ပြပါအချက်များကို ကလေးမှ တစ်ဦးတည်း လုပ်ဆောင်နိုင်ရန် ပြင်ဆင်ပေးခြင်းဖြင့် ကျောင်းနေထိုင်မှုဘဝသို့ ချောမွေ့စွာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

မူလတန်းကျောင်းသို့ ရောက်ရှိသည့်အခါ မိမိ၏စွမ်းဆောင်ရည်ဖြင့် ကြိုးစားအားထုတ်ရခြင်းများနှင့် သူငယ်ချင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ ကြိုးစားအားထုတ်ရခြင်းများ ပိုမိုများပြားလာမည်ဖြစ်ပါသည်။ ကလေးက မိမိကိုယ်ကိုယ် ယုံကြည်မှုရှိစွာ လုပ်ဆောင်နိုင်စေရန်အတွက် ကောင်းကွက်များကို ချီးမွမ်းပေးခြင်း၊ အတူတကွ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို စဉ်းစားပေးခြင်းနှင့် မသိနားမလည်သော အရာများကို စိန်ခေါ်လုပ်ဆောင်နိုင်ရန် အားပေးတိုက်တွန်းခြင်းတို့သည် အရေးကြီးပါသည်။

# ၈. ကျောင်းမတက်ခင်/ ပြင်ဆင်ရမည့်အချက်များ

【ကျောပိုးအိတ်】




【ကျောင်းတွင်းစီးဖိနပ်】



[စာရေးကိရိယာများ] ခဲတံ၊ ခဲဖျက်၊ ကော်၊ ကတ်ကြေး၊ ပေတံ၊ ဗလာစာအုပ် စသည်တို့



【 ကျောင်းနေ့လယ်စာသုံးပစ္စည်းများ】




【 နှင်းလျှောစီးကိရိယာများ】 (1 လပိုင်း မတိုင်မီ)



・နှင်းလျှောစီးပျဉ်ချပ်နှင့် တုတ်တံ၊ နှင်းလျှောစီးဖိနပ်

・နှင်းလျှောစီးဝတ်စုံ၊ နှင်းလျှောစီးလက်အိတ်နှင့် ဦးထုပ်

【အခြား】 (အသေးစိတ်ကို ကျောင်းမှ အကြောင်းကြားပါမည်။)

・ခုန်ကြိုး ・ကာယပညာအချိန်တွင် ဝတ်ဆင်ရမည့် ဂျာစီ ・ကီးဘုတ်ဟာမိုနီကာ

・ခဲတံအနီ ・ဆေးရောင်ခြယ်ပစ္စည်းအစုံ စသည်တို့

# 9. ကျောင်းသို့သွင်းရမည့်စရိတ်

ဆာပိုရိုမြို့နယ်မူလတန်းအလယ်တန်းကျောင်းများတွင် ကျောင်းနေ့လယ်စာနှင့် သင်ထောက်ကူများ၊ လေ့လာရေးပွဲများတွင်လိုအပ်သောငွေကြေးတို့အား အုပ်ထိန်းသူများမှ ကျောင်းသို့ ပေးသွင်းရသည်။ PTA အသင်းဝင်ကြေးနှင့် အာမခံများကိုလည်း ပေးသွင်းရန်လိုအပ်သည်တို့ရှိတတ်သည်။

| | |
|---|---|
| ကျောင်းနေ့လယ်စာနှင့် သင်ထောက်ကူ၊ ပွဲများအတွက် စရိတ် | တစ်နှစ်တာလိုအပ်သောငွေကြေးကို လစဉ်ခွဲ၍ သွင်းရသည်။ ငွေကြေးအသေးစိတ်မှာ ကျောင်းအပေါ်မူတည်၍ ကွာခြားသည်။ |
| ပွဲများ | ညအိပ်လေ့လာရေးများ၊ လေ့လာရေးခရီးများရှိပါသည်။ ပွဲများအပေါ်မူတည်၍ ကုန်ကျငွေ ကွာခြားပါသည်။ |

အများစုပေးသွင်းသည့်နည်းမှာ ဘဏ်အကောင့်စာရင်းသွင်း၍ လစဉ်အလိုအလျောက်ငွေဖြတ်သည့် "ဘဏ်ပေးချေမှု" ဖြစ်ပါသည်။ ထိုသို့ပြုလုပ်မည်ဆိုလျှင် ဂျပန်နိုင်ငံ၏ဘဏ်အကောင့် (ငွေကြေးအဖွဲ့အစည်းမှာ ကျောင်းအပေါ်မူတည်၍ ကွာခြားပါသည်) လိုအပ်ပါသည်။ လုပ်နည်းများကိုနားမလည်လျှင် ဆာပိုရို နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးဌာန (စာမျက်နှာ 19) တွင် ဆွေးနွေးပါ။

မူလတန်းကျောင်းတွင် ယူနီဖောင်းမလိုသော်လည်း လွယ်အိတ်နှင့်ယူလာရမည်တို့ကို အိမ်တွင်ပြင်ဆင်ရပါမည်။ မူလတန်းကျောင်းမတက်မီ ကျောင်းလွယ်အိတ်၊ ဖိနပ် (ကျောင်းတွင်းစီးဖိနပ်)၊ စာရေးကိရိယာများ (ကွန်ပါဘူး၊ ခဲတံ၊ ခဲဖျက်စသည်) စသည်ကို အိမ်မှဝယ်ပေးလိုက်ရန် လိုအပ်ပါသည်။

# 10. ကျောင်းတက်ရောက်မှု ထောက်ပံ့ရေးစနစ်

စီးပွားရေးကြပ်တည်းသော အိမ်ထောင်စုများအတွက် "ကျောင်းတက်ရောက်မှုထောက်ပံ့ရေး" ဟူသည့် စနစ်ရှိပါသည်။ ကျောင်းသုံးပစ္စည်းစရိတ်နှင့် ကျောင်းနေ့လယ်စာစသည့် ကျောင်းတက်ရောက်ရာတွင် လိုအပ်သော အသုံးစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပါသည်။

ကျောင်းမှတဆင့် လျှောက်ထားနိုင်သော်လည်း အိမ်ထောင်တစ်ခု၏ တစ်နှစ်တာဝင်ငွေသည် သတ်မှတ်ထားသောပမာဏထက် နည်းရမည်ဟူသည့်အချက်ရှိသည်။ (လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိသော အိမ်ထောင်စုများမပါဝင်ပါ)

[အသေးစိတ်အချက်အလက်များ]

ဆာပရိုမြို့ပင်မစာမျက်နှာ
https://www.city.sapporo.jp/kyoiku/top/information/syugakuenjyo.html

လျှောက်လွှာ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာများမှာ အောက်ပါစာမျက်နှာတွင်ရှိပါသည်။
ဆာပိုရိုအပြည်ပြည်ဆိုင်ရာပလာဇာ ဘာသာပေါင်းစုံ စာရွက်စာတမ်းစာရင်း
http://plaza-sapporo.or.jp/citizen_j/multilingual_materials/

# 11. ကျန်းမာရေးကတ်

ကလေးများကြီးပြင်းရေးနှင့် ကျန်းမာရေးအကြောင်း ကျောင်းနှင့်အုပ်ထိန်းသူမှ မှတ်တမ်းတင်ထားသော မှတ်စုဖြစ်ပါသည်။

ကျောင်းစတက်ချိန်တွင် ကျောင်းမှဝေပေးပါသည်။ အရေးပေါ်အချိန်ဆက်သွယ်ရမည့်လိပ်စာနှင့် ကလေးဖြစ်ခဲ့ဖူးသော ရောဂါစသည်တို့ကို အုပ်ထိန်းသူမှထည့်သွင်းရသည့် နေရာပါရှိပါသည်။

အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာများအား ပရင့်ထုတ်၍လည်း အသုံးပြုနိုင်ပါသည်။

အင်္ဂလိပ်ဘာသာ :

https://www.plaza-cms.net/files/multilingual/66/1/HealthRecord_elementary_Eng.pdf

တရုတ်ဘာသာ :

https://www.plaza-cms.net/files/multilingual/66/4/Chinese_HealthRecord_elementary.pdf

# 12. ကလေးသူငယ်စင်တာအကြောင်း

ကျောင်းအနီးတွင်ရှိပြီး ကျောင်းဆင်းချိန်တွင် ကလေးများလွတ်လပ်စွာအသုံးပြုနိုင်သော အဆောက်အဦးဖြစ်ပါသည်။

အုပ်ထိန်းသူမှာ အလုပ်ဖြင့်မအားလပ်သည့်အချိန်တွင် "ကလေးသူငယ်ကလပ်" တွင် အသင်းဝင်ထားလျှင် 19 နာရီအထိ ကလေးကိုအပ်ထားနိုင်ပါသည်။

[ကလေးသူငယ်ကလပ်]

| | |
|---|---|
| အကျိုးဝင်သူ | - မူလတန်း ပထမနှစ်မှ ဆဌမနှစ်အထိ |
| အသုံးပြုချိန် | - ကျောင်းဖွင့်ရက် ကျောင်းဆင်းချိန်မှ 19 နာရီ<br>ကျောင်းပိတ်ရက် 8 နာရီမှ 19 နာရီ (တနင်္ဂနွေ၊ ရုံးပိတ်ရက်၊ နှစ်သစ်ကူးတွင် ပိတ်သည်) |
| အသုံးပြုခ | - 8:45 မှ 18:00 ထိ အခမဲ့<br>8:00 မှ 8:45၊ 18:00 မှ 19:00 တွင်အသုံးပြုမည်ဆိုလျှင် တစ်လ ယန်း 2000<br>(နွေပိတ်ရက်နှင့် ဆောင်းပိတ်ရက်များဖြစ်သော ပိတ်ရက်ရှည်များအတွင်း အခကြေးငွေဖြင့်သုံးရသောအချိန်ကို သုံးမည်ဆိုလျှင် ပိတ်ရက်ကာလတစ်ဖြတ်လျှင် ယန်း 2000) |
| လျှောက်ထားနည်း | -တက်ရောက်လိုသော ကလေးသူငယ်စင်တာသို့သွား၍ အသင်းဝင်လျှောက်လွှာ၊ အလုပ်ရှိကြောင်းလက်မှတ်စသည်ဖြင့် လျှောက်ထားရမည်။ မတော်တဆအာမခံအားထည့်သွင်းရန်လည်း လိုအပ်နိုင်ပါသည်။ |

ကလေးသူငယ်စင်တာအကြောင်း http://g-kan.syaa.jp/ (ဂျပန်ဘာသာ)
ကလေးသူငယ်ကလပ်အကြောင်း http://g-kan.syaa.jp/jidouclub/ (ဂျပန်ဘာသာ)
လက်ကမ်းစာစောင် (ဂျပန်ဘာသာ) https://www.plaza-cms.net/files/multilingual/105/1/Kids'HallsJPN.pdf
(အကျိုးအမြတ်မယူသောအဖွဲ့အစည်း ဆာပိုရိုလူငယ်နှင့်အမျိုးသမီးလှုပ်ရှားမှုဖောင်ဒေးရှင်း)

# 13. ဂျပန်ဘာသာပံ့ပိုးရေး၊ သင်ယူမှုပံ့ပိုးရေး

**ဂျပန်ဘာသာသင်တန်းဆရာများစေလွှတ်ခြင်း**

ဆာပိုရိုမြို့ ပညာရေးဘုတ်အဖွဲ့တွင် ဂျပန်ဘာသာသင်ကြားပေးသော စေတနာ့ဝန်ထမ်းများ (ဂျပန်ဘာသာသင်တန်းဆရာများ) ကို ကျောင်းသို့စေလွှတ်သောစနစ်ရှိပါသည်။ အခမဲ့ဖြစ်ပါသည်။ ကျောင်းမှ ဆာပိုရိုမြို့ ပညာရေးဘုတ်အဖွဲ့သို့ လျှောက်ထားမည်ဖြစ်သောကြောင့် အသေးစိတ်အား ကျောင်းနှင့်ဆွေးနွေးကြပါ။

※စေတနာ့ဝန်ထမ်းအများစုမှာ "ဆာပိုရိုကလေးသူငယ်ဂျပန်စာကလပ်（https://sknc.skr.jp/）" တွင် ရှိပါသည်။

**သင်ယူမှုပံ့ပိုးခြင်း**

ဆာပိုရိုအပြည်ပြည်ဆိုင်ရာပလာဇာတွင် လစဉ်စေတနာ့ဝန်ထမ်းများမှ အိမ်စာများကိုကူညီပေးသော "သင်ယူမှုထောက်ပံ့ခြင်း" ကိုလုပ်ဆောင်ကြပါသည်။ တဖန် ထိုအရာပြင်ပကာလများတွင်လည်း အခက်အခဲများရှိပါက ဆာပိုရို နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးဌာန (စာမျက်နှာ 19) တွင် ဆွေးနွေးပါ။

# 14. အခက်အခဲတွေ့ချိန် ဆွေးနွေးတိုင်ပင်ရမည့်နေရာ

**ဆာပိုရို နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးဌာန**

"ဆရာနဲ့ဆွေးနွေးချင်လို့ စကားပြန်လုပ်ပေးပါ" "ကလေးကိုစိတ်ပူလို့ပါ" စသည့် မည်သည့်ကိစ္စကိုမဆို ဆွေးနွေးနိုင်ပါသည်။

【ဆွေးနွေးနည်း】

- လာရောက်ဆွေးနွေးခြင်း　(လိပ်စာ - MN Building 3F, Kita 1-jo Nishi 3-chome, Chuo-ku, Sapporo ဆာပိုရိုအပြည်ပြည်ဆိုင်ရာပလာဇာ အတွင်း)
- ဖုန်း　011-211-3678
- အီးမေးလ်　soudan(a)plaza-sapporo.or.jp *(a) အား @ အဖြစ်ထားပါ

【အချိန်】

တနင်္လာနေ့ မှ သောကြာနေ့ 9:30～17:00　※စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်များ နားပါသည်။

ဆွေးနွေးမှုမှ အခမဲ့ဖြစ်သည်။

URL: https://www.sapporolife.info/article/?id=1

**ဆာပိုရိုသင်ကြားရေးစင်တာ သင်ကြားရေးဆွေးနွေးခန်း (သင်ယူမှုထောက်ပံ့ရေးအထွေထွေစင်တာ)**

ဆာပိုရိုသင်ကြားရေးစင်တာ သင်ကြားရေးဆွေးနွေးခန်း (သင်ယူမှုထောက်ပံ့ရေးအထွေထွေစင်တာ) "ကလေးရဲ့ဂျပန်စာသင်ယူရေးမှာ ပြဿနာရှိပါတယ်" "မသန်စွမ်းမှုနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာကို စိုးရိမ်ပါတယ်" "ကျောင်းမသွားရဲတာ၊ အနိုင်ကျင့်ခံရတာကြောင့် ဒုက္ခရောက်နေပါတယ်" စသည်တို့ကို ဆွေးနွေးနိုင်ပါသည်။ ဆွေးနွေးမှုမှာအခမဲ့ဖြစ်ပါသည်။

●TEL：011-671-3210　　●FAX：011-671-3232

တနင်္လာနေ့ မှ သောကြာနေ့　8:45～17:15　※စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်များ နားပါသည်။

(ဂျပန်ဘာသာဖြင့်ခက်ခဲလျှင် ကျောင်းသို့မဟုတ် ဆာပိုရို နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးဌာနတွင် ဆွေးနွေးခြင်း)

※လာရောက်ဆွေးနွေးနိုင်သော်လည်း ဘိုကင်တင်ရန်လိုအပ်ပါသည်။ ဘာသာပြန်ထောက်ပံ့မှုလိုအပ်သူသည် ဆာပိုရို နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးဌာနတွင် ဆွေးနွေးပါ။

ရေးသား - (အများပြည်သူရန်ပုံငွေ) ဆာပိုရိုအပြည်ပြည်ဆိုင်ရာပလာဇာ
〒060-0001
Sapporo MN Building 3F, Kita 1-jo Nishi 3-chome, Chuo-ku, Sapporo
TEL:011-211-2105 FAX: 011-232-3833
URL: https://plaza-sapporo.or.jp/citizen_j/

ပထမအကြိမ်ရေးသားထုတ်ဝေခြင်း - 2022 ခုနှစ် 1 လ

မျက်နှာဖုံးဒီဇိုင်း: Hongo Rumiko